ထူးခြားအံ့ဖွယ်
“မုဆိုက္ခရေဟ်” လေးဆယ်

မွတ်ဖ်သီ မိုဟမ္မဒ် အာစွင်းမ်
(နဒ်ဝီ၊ မဇ္ဈာဟ့ရီ၊ အဇ္ဈလ်ဟစန်)

بسم الله الرحمن الرحيم

ဦးစွာပထမ ရုပ်နာမ်ဓမ္မ သခါရ တို့နှင့်ကင်းစင် လွတ်မြောက်ထတော်မူသော အသင်္ခတ၊ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော၊ အတုမရှိ တစ်ပါးတည်း တည်ရှိတော်မူသော အလ္လာဟ်အရှင်မြတ်အား သဒ္ဓါကြည်နူး နဖူးလက်ပါ ရိုသေစွာဖြင့် ချီးမွမ်းထောမနာ ပြုအပ် ပါသည်။ ထို့နောက် နှစ်ဘဝဦးသျှောင် မနုဿခေါင်းဆောင် နဗီတမန်တော်အပေါင်းတို့၏ သင်းကျစ်သရဖူ မဟာလူသား တမန်တော်မြတ် ﷺ အား ကြိမ်ဖန်များစွာ စလဝါးသ်စလာမ် ပို့သပါဇ်။

တော်ဝင်နှင်းဆီတွေကြားက ပေါက်ပန်းငယ်တစ်ပွင့်ထဲ

တစ်ရက်.... ကျွန်တော်၏ချစ်မိတ်ဆွေ အလ်ဟာဂ်ျ မောင်လာနာ မွတ်ဖ်သီအာစွင်းမ် နဒ်ဝီ၊ မဇ္ဈာဟေရီဟာ လက်မှာစာမူကြမ်းတစ်ခုကိုင်ဆောင်လာပြီး ကျွန်တော်တို့စာရေးနေသော အခန်းအတွင်းသို့ စလာမ်ပေး၍ ဝင်လာခဲ့ပါတယ်။ မူယာမပါ မာယာမဖုံး ခပ်ပြုံးပြုံးနဲ့ မိမိစာမူကြမ်းကို ကျွန်တော့်ထံသို့ ပေးရင်းပြောလာပါတယ်။ "စိစစ်ပေးပါ အမှာစာ" လည်း ရေးပေးပါတဲ့ ... ကျွန်တော့်ရင်ထဲမှာတော့ "အို...ပိတုန်းငယ်ရယ် အသင့်အနီးနားမှာ ရနံ့သင်း အဆင်းလှတဲ့ တော်ဝင်နှင်းဆီပန်းများ ရှိပါလျက် ကျွန်ုပ်ကဲ့သို့ရနံ့ကင်း အဆင်းမဲ့တဲ့ အညတရ ပေါက်ပန်းငယ်တစ်ပွင့်ထဲ ဘာကြောင့် ဝတ်ရည်လာ စုတ်ချင်ရတာလဲ" ဟုရေရွတ်နေမိပါသည်။ အကြောက်ကန် ငြင်းဆန်ခဲ့သော်လည်း ခင်ဗျားဟာ "သိမှတ်ဖွယ်ရာပြာဋ္ဌိဟာ မုအ်ဂျေဇဟ် အဖြာဖြာ" ဆိုပြီး တမန်တော်မြတ် ﷺ ရဲ့မုအ်ဂျေဇဟ် တွေနဲ့ပတ်သက်ပြီး စာအုပ်တစ်အုပ် ရေးထားတဲ့အတွက် ခင်ဗျားစိစစ်ပြီး ခင်ဗျားသာအမှာစာ ရေးသင့်တယ်လို့ ပြောလာခဲ့ပါတယ်... မလွှဲသာမရှောင်သာတဲ့ အညတရဟာ စိုးတစ်ထင့်ထင့်ဖြင့်သာ လက်ခံခဲ့ရပါတယ်။

ကျမ်းပြုရှင်

ဓမ္မစာရှု့သူ၏ လက်ဝယ်တွင်ရှိနေသော ဤကျမ်းငယ်သည် ကျွန်ုပ်၏ချစ်မိတ်ဆွေ အလ်ဟာဂ်ျ မောင်လာနာ မွတ်ဖ်သီ အာစွင်းမ် နဒ်ဝီ၊ မဇ္ဈာဟရီ၏ နက်နဲသိမ်မွေ့လှသော ကြိုးပမ်းမှုများအနက်မှ ထူးခြားလှသည့် ကြိုးပမ်းမှုတစ်ခု၏ အသီးအပွင့်တစ်ခုဟု ဆိုချင်ပါသည်။ မောင်လာနာသည် ငယ်စဉ်ကတည်းက ဓမ္မစာပေများကို ရေးသားပြုစုသော (ကွယ်လွန်သူစာရေးဆရာမကြီး ချမ်းမြေ့ကြည်သာ (သာစည်)၏ ပြုစုပျိုးထောင်မှုအောက်တွင် ကြီးပြင်းခဲ့ပြီး၊ ကျောင်းသားဘဝတွင်လည်း စာပေကျမ်းဂန်နှံ့စပ်သော ဆရာသခင်များထံတွင် နေထိုင်ကာ ပညာနှံ့ချို့ သောက်သုံးခဲ့ရုံသာမက ၎င်းတို့ထံမှ အဖိုးမဖြတ်နိုင်သော အစွမ်းအတွေးအခေါ်များကိုပါ အမွေဆက်ခံခွင့် ရရှိခဲ့သောကြောင့် ဓမ္မစာပေများရေးသားပြုစုခြင်းနှင့် တရားဓမ္မများမျှဝေပို့ချခြင်းကို ဝါသနာထုံခဲ့သူတစ်ဦးလည်းဖြစ်ပါသည်။

ကျမ်းသဘောတရား

မနုဿလူသားသည် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခံဝေနေယျများအနက် အမြင့်မြတ်ဆုံးသော ဖန်ဆင်းခံဖြစ်ပါသည်။ အမြင့်မြတ်ဆုံး ဖြစ်ရခြင်းမှာလည်း ၎င်းတွင်သာမန်တို့နှင့်မတူ တစ်မူထူးခြားသော ဝိသေသများ ရှိသောကြောင့် ပင်မဟုတ်ပါလော။ ထိုကဲ့သို့ပင် မနုဿလူများထဲတွင်လည်း အများနှင့်မတူ တစ်မူထူးခြားသည့် မဟာလူသားများလည်း ရှိပါသေးသည်။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ် စေလွှတ်တော်မူသော နဗီတမန်တော်များ ဖြစ်ကြပါသည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏အတွင်း အဖျတသွန်အာန်နှင့် ပြင်ပဗဟိဒ္ဓဟန်ကိုလည်း မိုအ်ဂျဇ်ဇာခေါ် သဘာဝလွန် စွမ်းပကားများဖြင့် စီခြယ်ပေးထားတော်မူသည်။ ဤကျမ်းငယ်တွင် (خير البشر) အမြင့်မြတ်ဆုံးသော မဟာလူသား၊ (إمام الأنبياء) နဗီတမန်တော်အပေါင်း၏ သင်းကျစ်သရဖူ မိုဟမ္မဒ် မြတ်ရာူလ်အား မည်ကဲ့သို့သော ထူးခြားသည့် စွမ်းပကား ချီးမြင့်ထားတော်မူသည်ကို အထောက်အထားအကိုးအကားများဖြင့် မြစ်ခြေခိုင်မာစွာ ဖေါ်ပြပေးထားပါသည်။ အမြင်အားဖြင့်

သေးငယ်သော်လည်း မွတ်စ်လင်မ်တစ်ဦးအတွက် အစွမ်းသတ္တိ သမိုင်းအရလည်းကောင်း၊ ခမ္မကြောင်းအရလည်းကောင်း ဗဟုသုတကောင်းများ ပေးမည့် စာမူကောင်းတစ်ခု ဖြစ်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

အစ်ဒွလ္လာဟ်အီဆာ(ရမည်းသင်း)
၂၃၊၁၀၊၂၀၁၉(ဗုဒ္ဓဟူးနေ့)11:10 AM

بسم الله الرحمن الرحيم

ခကားခ်ီး

လောကရွိ ပန်းတိုင်းသည် အလှကိုယ်စီရှိကြသည်။ ထိုကဲ့သို့ပင် တမန်တော်မြတ် ﷺ ၏ ဘဝပုံရိပ်၊ အတ္ထုပ္ပတ္တိ၊ ကိုယ်ကျင့်တရား၊ မိန့်ကြားချက်များ၊ ကြန်အင်လက္ခဏာတော်များ၊ စသည့် ကိုယ်တော်မြတ်နှင့် ပတ်သက်ဆက်နွယ်နေသမျှသော ကဏ္ဍာတိုင်းသည် မွတ်စ်လင်မ်တို့၏ ရင်တွင်းဝယ် အလှကိုယ်စီဖြင့် ရနံ့သင်းထုံကာ ဖူးပွင့်ဝေဆာနေသော ပန်းများပင် ဖြစ်ပါသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ နှင့် ပတ်သက်နေသော ပန်းမာလ်တို့ကို ကျွန်ုပ်တို့ နမ်းရှိုက်လိုကြသည်။ ထိုသင်းရနံ့များကြောင့် ကျွန်ုပ်တို့၏ အီမာန်ယုံကြည်ချက်များ လန်းဆန်းလာသည်။ ကိုယ်ကျင့်တရားများ လှပလာသည်။ အေဗာဒသ် ကျင့်မူဆောက်တည်မှုများတွင် တက်ကြွလာတော့သည်။

ထိုပန်းများသည် ကျွန်ုပ်တို့ စိတ်ဝိဉာဉ်၏ အဟာရဖြစ်သည်။ မျှော်လင့်ချက်ရောင်ခြည်များ တောက်ပရာဖြစ်သည်။ နှစ်ဘဝခရီးလမ်း၏ လမ်းညွှန်ချက်များဖြစ်သည်။

ကျွန်ုပ်၏ အလွန်ရင်းနှီးသည့် ချစ်မိတ်ဆွေဖြစ်သူ မွဖ်သီ မုဟမ္မဒ် အာဆွင်းမ် (မဇ္ဈာဟ့ရီ၊ နဒ်ဝီ၊ အဗွလ်ဟစနီ)သည် ကိုယ်တော့်စီရသ်မှ သင်းပျံ့မွှေးပျသော ပန်းတစ်စုကို ခိုင်မာကျစ်လျစ်သော ကြိုးဖြင့် သီကုံးပြီး ဤစာအုပ်ငယ်အဖြစ် တင်ဆက်ထားပါသည်။ ထိုပန်း၏အလှတရားများကိုခံစားပြီး မွှေးရနံ့ကို နမ်းရှိုက်ကာ အီမာန်ယုံကြည်ချက်များ တိုးတက်လန်းဆန်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်. . .

မော်လဝီမုဟမ္မဒ်ဘင်နဿီဗရာဟီးမ်

Al-Kausari

بسم الله الرحمن الرحيم

လေးစားအပ်သော စာရှုသူသို့ .....

ရဗီအွလ်အောက်ဝလ်လမြတ် ရောက်လေတိုင်း စာဖတ်ပရိသတ်ကိုစီရသ်လက်ဆောင်တစ်ခုပေးလိုသည့် ဆန္ဒဖြစ်လာတတ်သည်။

ဤဆန္ဒသည် ငယ်ရွယ်စဉ်ကပင်သန္ဓေတည်ခဲ့ရပြီး ချစ်နဗီအတွက် အချစ်သက်သေ တစ်ခုဟုလည်း ဆိုချင်ပါသည်။

ယခုနှစ်အတွက်တမန်တော်မြတ် ﷺစီရသ်မှ ရွှေထောင့်တစ်ခုကို တင်ပြရန် စဉ်းစားနေစဉ် شیخ محمد عظیم حاصل پوری ၏ خصوصیات محمد رسول الله ၄၀ "မုဟမ္မဒ် ﷺ ၏ ထူးခြားချက်(၄၀)" အမည်ရှိ စာအုပ်တစ်အုပ်ကို တွေ့လိုက်ရသည်။ အထောက်အထား ဝေဆာစွာဖြင့် ချစ်နဗီ၏ ထူးခြားချက်များကို တင်ပြထားသည်မှာ ပသာဒရှိလှပါသည်။

ထိုစာအုပ်ကို မှီငြမ်းပြီး တမန်တော်မြတ် ﷺ၏ ထူးခြားအံ့ဖွယ်မုအ်ဂျေ့ဇာလေးဆယ်ကို ကောက်နှုတ်ဘာသာပြန်ရန် ဆုံးဖြတ်လိုက်ပါသည်။

မုအ်ဂျေ့ဇာ ဆိုသည်မှာ

المواهب اللدنية ကျမ်းရှင် အဟ်မဒ် ကတ်စ်သွလ္လာနီ ؒသခင်က "မုအ်ဂျေ့ဇာဆိုသည်မှာ စိန်ခေါ်မှုများ၊ စိန်ခေါ်မှုကို အဖြေပေးခြင်းများပါဝင်သည့် သဘာဝလွန်ကိစ္စကိုဆိုလိုသည်။ ထိုမုအ်ဂျေ့ဇာများသည် နဗီတမန်တော်များ၏ မှန်ကန်ကြောင်း သက်သေထူနေမည်။" ဟု ဖွင့်ဆိုထားသည်။ المواهب اللدنية ج: ١ ، ص: ٣٤٦

မြင့်မြတ်တော်မူသော အရှင်မြတ်သည် နဗီတိုင်းအား ပွင့်ပေါ်ရာခေတ်ကာလ၊ နေရာဒေသတို့တွင် ရေပန်းစားလျက်ရှိသော စွမ်းရည်စွမ်းပကားတို့ကို ဦးဆောင်တည့်မတ်ပေးမည့် သဘာဝလွန်အစွမ်းများ

ကို ချီးမြှင့်တော်မူခဲ့သည်။ ထိုသဘာဝလွန် အစွမ်းများကို မုအ်ဇ္ဇေ့ဇာ “အများမပြုနိုင်၊ မရနိုင်သည့် တန်ခိုးပြာဋိဟာ”ဟု ဆိုနိုင်သည်။

တမန်တော်မူစာ عليه السلام ခေတ်တွင် မှော်၊ စုန်းအတတ်များ ခေတ်စားခဲ့သည်။ အရှင်မြတ်သည် အဆွာ“တောင်ဝှေး”၏မုအ်ဇ္ဇေ့ဇာဖြင့် ထိုခေတ်ပယောဂဆရာတို့၏ အတတ်အားလုံးကို ဝါးမျိုစေခဲ့သည်။

တမန်တော်အီစာ عليه السلام ၏ခေတ်သည် ယူနန်ဆေးပညာလွှမ်းမိုးသည့် ခေတ်ဖြစ်ခဲ့ရာ အရှင်မြတ်က မည်သူမှမကုသနိုင်သည့် ခရုသင်းရောဂါသည်ကို ပျောက်ကင်းစေခြင်း၊ မွေးရာပါမျက်မမြင်သည်တို့အား မျက်စိမြင်နိုင်စေခြင်း၊ သေသူများကို ပြန်ရှင်ထစေနိုင်ခြင်းစသည့် မုအ်ဇ္ဇေ့ဇာများကို တမန်တော်အီစာ عليه السلام အား ချီးမြှင့်ပေးခဲ့သည်။

ကျွန်ုပ်တို့ချစ်နဗီ ﷺ ပွင့်ပေါ်သည့်နောက်ဆုံးခေတ်တွင် စာပေအနုပညာ၊ သိပ္ပံအတတ်ပညာများ ရေပန်းစားခဲ့သည်။ အရှင်မြတ်ကလည်း စာပေအလှတရားများ၊ အနုပညာများဖြင့် အတိုပြီးသော ကျမ်းမြတ်ကုရ်အာန်အား တမန်တော်မြတ် ﷺ ကို မုအ်ဇ္ဇေ့ဇာအဖြစ်ချီးမြှင့်တော်မူခဲ့သည်။ ဤခေတ်ရှိသိပ္ပံပညာရှင်များသည် အမြင့်ပျံနိုင်သူ၊ အခြားကမ္ဘာတစ်ခုကို သွားရောက်နိုင်သူတိုင်းကို အထင်ကြီးကြသည်။ အရှင်မြတ်ကလည်းကျွန်ုပ်တို့တမန်တော်အား မည်သည့်အဖန်ဆင်းခံမှ မရောက်ဖူးသည့် “စိဒ်ရ သွလ်မွန်သဟာ”ဆီသို့ မိအ်ရာဂ်ခရီးဖြင့်ခေါ်ဆောင်တော်မူခဲ့သည်။

ခေတ်အဆက်ဆက်ရှိ အသိပညာရှင်အတတ်ပညာရှင်တို့၏ အသိတရားများ၊ အတတ်ပညာများ ဆုံးသည့်နေရာမှ နဗီတမန်တော်များ၏

မုအ်ဂျေ့ဇာများ စတင်ခဲ့ကြောင်းသိရှိရသည်။

တမန်တော်မြတ် ﷺ ၏ မုအ်ဂျေ့ဇာပေါင်း မည်မျှရှိသနည်း

တမန်တော်မြတ်ﷺ၏ မုအ်ဂျေ့ဇာအရေအတွက်ကို သတ်မှတ်ရာတွင် သာသနာ့ပညာရှင်တို့၏ အဆိုအမျိုးမျိုးကိုတွေ့ရသည်။

အေမာမ်နဝဝီ ؒသခင်သည် မွတ်စ်လင်မ်ကျမ်း၏ အဖွင့်နိဒါန်းတွင် "ကိုယ်တော်မြတ်ﷺ၏ မုအ်ဂျေ့ဇာများမှာ(၁၂၀၀)ကျော်သည်"ဟု အဆိုပြုထားသည်။ အေမာမ်ဗိုင်ဟကီ ؒသခင်က دلائل النبوة ကျမ်းတွင် (၁၀၀၀)ဟု ဆိုသည်။ အချို့ပညာရှင်များက (၃၀၀၀)ရှိသည်ဟု ဆိုကြသည်။ အေမာမ်အိဗ်နေ့ကိုယ်ယင်မ်ကမူ မိမိ၏ إغاثة اللهفان ကျမ်းတွင် (၁၀၀၀)ဟု ရေးသားဖော်ပြထားသည်။ အချုပ်ဆိုရသော် ကိုယ်တော်မြတ်ﷺ ၏မုအ်ဂျေ့ဇာများ၊ ထူးခြားချက်များမှာ ထောင်သောင်းမကရှိနေသည်။

တမန်တော်မြတ်ﷺမုအ်ဂျေ့ဇာများ၊ ဓမ္မအမွေအနှစ်များကို ခေတ်အဆက်ဆက်ရှိ ပညာရှင်ကြီးများက အမြတ်တနိုးစုဆောင်း ထိန်းသိမ်းကာ ကျွန်ုပ်တို့ထံသို့ လက်ဆင့်ကမ်းပေးအပ်ခဲ့ကြသည်။

မုအ်ဂျေ့ဇာအမျိုးအစားများ

တမန်တော်မြတ်ﷺ ၏ မုအ်ဂျေ့ဇာများအနက်အချို့မှာ တမန်တော်ﷺ ၏ ရုပ်ဆင်းအင်္ဂါတော်များ၊ သွင်ပြင်လက္ခဏာများနှင့်သက်ဆိုင်သည်။ အချို့မှာ နှုတ်မှချွေသောရွှေစကားများနှင့် သက်ဆိုင်သည်။ အချို့မှာ တမန်တော်မြတ်ﷺ၏ လက်ရုံးရည်ဖြင့် သက်ဆိုင်သလို အချို့မှာ နှလုံးရည်ဖြင့်ဆိုင်သည်။ အချို့သည် တမန်တော်မြတ်ﷺ၏

ကိုယ်ကျင့်တရားများနှင့်သက်ဆိုင်ပြီး အချို့မှာ အပေးအယူ၊ ကူးလူးဆက်ဆံမှုတို့ဖြင့် သက်ဆိုင်နေသည်။

တမန်တော်မြတ်ﷺ၏ မုအ်ဂျေ့ဇာများကို ထွက်ပေါ်သည့် ကာလအရ . . .

(၁)အတိတ်တွင်ထွက်ပေါ်ခဲ့သော မုအ်ဂျေ့ဇာများ

ဥပမာ - လနှစ်ခြမ်းခွဲပြခြင်း၊ မိအ်ရားဂျ်ခရီးနှင်ခြင်း စသည်ဖြင့်

(၂) လက်ရှိတွေ့နေရသော မုအ်ဂျေ့ဇာများ

ဥပမာ - ကေယာမသ်၏နိမိတ်လက္ခဏာများ

(၃) အနာဂတ်တွင် လာမည့် မုအ်ဂျေ့ဇာများ

ဥပမာ - ကေယာမသ်တွင် ရှဖာအသ်ပြုပေးခြင်း

စသည်ဖြင့် ရှုထောင့် အစုံမှ သုံးသပ်ကြည့်နိုင်သည်။

မုအ်ဂျေ့ဇာများကို ပြုစုခြင်းသမိုင်း

တမန်တော်မြတ်ﷺ ၏ မုအ်ဂျေ့ဇာများ၊ ထူးခြားချက်များကို ဦးစွာပထမ အရှင်မြတ်ကိုယ်တော်တိုင် ကျမ်းတော်မြတ်ကုရ်အာန်တွင် ဖော်ပြထားသည်။ ထို့နောက် တမန်တော်မြတ်ﷺကိုယ်တိုင် ဟဒီးဆ်ပေါင်းမြောက်မြားစွာတွင် မိန့်ကြားထားသည်။ ထိုမိန့်ကြားချက်များကို ဆွဟာဗာသာဝကကြီးများက တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ၏၊သည်၊ မရွေးထိန်းသိမ်းခဲ့ကြသည်။

ရုပ်ပုံရိုက်ကူးထားခြင်း၊ ပုံတူရေးဆွဲထားခြင်းများ မရှိသော်လည်း တမန်တော်မြတ်ﷺနှင့်ပတ်သက်သည့် စာပန်းချီများမှာ ဟဒီးဆ်ကျမ်းအစောင်စောင်တွင် အံ့မခန်းတွေ့နေရသည်။

သာဝကကြီးအလီ၊ သာဝကကြီးအနတ်စ်၊ မိခင်မွန်အာအေ့ရှာ رضي الله عنهم စသည့်ဆွဟာဗာကြီးများက ကိုယ်တော်သခင်၏ ရုပ်ဆင်း သဏ္ဌာန်များ၊ သွင်ပြင်လက္ခဏာများနှင့်ဘဝလူနေမှုစနစ်ကို လည်းကောင်း၊ သာဝကကြီးဂျာဗစ်ရ ﷺက ဟဂျ်ခရီးစဉ်အသေးစိပ်နှင့် မုအ်ဂျေ့ဇာများကိုလည်းကောင်း၊ သာဝကကြီး အိုဗိုင်ယ်ဗင်နကအဗ်၊ သာဝကကြီးအဗူမူစာအရှ်အရီ၊ သာဝကကြီးအိဗ်နေ့အဗွါးစ်ﷺတို့က ကုရ်အာန်နှင့်ပတ်သက်သည်များကို အထူးပြုကာ အွမွယ်ကို လက်ဆင့်ကမ်းခဲ့သည်။

ထို့နောက်ခေတ်အဆက်ဆက်ရှိ ပညာရှင်များက ကိုယ်တော်ﷺ၏မုအ်ဂျေ့ဇာများ၊ ထူးခြားချက်များကို ကျမ်းအသီးသီးပြုစုကာ အွမွယ်ထံသို့လက်ဆင့်ကမ်းပေးခဲ့သည်။ အေမာမ်ဗိုင်ဟကီ ؒနှင့် အေမာမ်အဗူနိုအိုင်းမ်အဆ်ဖဟာနီတို့၏ دلائل النبوة ၊ အေမာမ်မာဝရ်ဒီ ؒ၏ أعلام النبوة စသည့် ကျမ်းများမှာ ဤကဏ္ဍအတွက် အကောင်းဆုံးနမူနာများဖြစ်သည်။ အကီဒဟ်ကျမ်းများ၊ ဟဒီးဆ်ကျမ်းများတွင်လည်း ကဏ္ဍတစ်ခုအနေဖြင့် ကိုယ်တော်မြတ် ﷺ၏ မုအ်ဂျေ့ဇာများကို အသေးစိတ် ဖော်ပြထားကြောင်းတွေ့ရှိရသည်။

မွေးရုန်ဖျံသင်း ချစ်နဗီသဓင်း

ဤသို့မုအ်ဂျေ့ဇာများကို အထူးပြုတင်ပြလိုသောဆန္ဒမှာ မွတ်စ်လင်မ်တိုင်း၏နှလုံးသားရင်ပြင်တွင် တမန်တော်မြတ်ﷺအပေါ် ချစ်စိတ်များ၊ တမန်တော်မြတ်ﷺ၏ ကြီးကျယ်မှုများ စိုးမိုးသွားနိုင်ရန်ဖြစ်သည်။ ဤမုအ်ဂျေ့ဇာလေးဆယ်ကို လေ့လာရင်း ကျန်ရှိနေသော

မုအ်ဂျေ့.ဇာ များကိုလည်းဆက်လက်လေ့လာကာ ကျွန်ုပ်တို့ရင်တွင်းရှိ တမန်တော်အချစ်ပျိုးခင်းလေးမှ ချစ်ပန်းငုံဖူးများ ပွင့်လန်းကာ ဘဝတနှံ့တလျားမွှေးရန်.များ ဆွတ်ဖျန်းနိုင်ကြပါစေဟု ဆုမွန်ဒိုအာပြုပါသည်။

နိဂုံးချုပ်

ဤစာအုပ်ငယ်ဖြစ်မြောက်စေရန် အကျိုးအကြောင်းညီညွတ်စေတော်မူသော အရှင်မြတ်ကို ဦးစွာပထမ ကျေးဇူးတင်ရှိပါသည်။ ထို့ပြင် ကျွန်ုပ်အားစီရသ်နှင့်မိတ်ဆက်ပေးခဲ့သော မိခင်မွန် ချမ်းမြေ့ကြည်သာ (သာစည်)အားလည်းကောင်း၊ မှီငြမ်းကျမ်းရှင် ရှိုင်ခ်မုဟမ္မဒ်အဇီးမ်ဟာစွိလ်ပူရီအားလည်းကောင်း၊ ကျွန်ုပ် ပြုစုမိသမျှစာအုပ်တိုင်းကို မည်သည်းမည်ျပါရမီဖြည့်ကူညီပေးပြီး၊ Layout ပိုင်းကို တာဝန်ယူပေးခဲ့သော ဆရာမုဟမ္မဒ်(ကောင်ဆရီ) အားလည်းကောင်း၊ လိုအပ်သည်များကိုပြုပြင်ပေးပြီးအမှာစာပါ ချီးမြှင့်ပေးသော မော်လာနာ မုဖ်သီအဗ်ဒုလ္လာဟ်အားလည်းကောင်း၊ သတ်ပုံသတ်ညွှန်းများကို အချိန်ယူစစ်ဆေးပေးခဲ့သော ဆရာဇကရီယာ (ခ)ကိုမင်းအားလည်းကောင်း၊ အဆုံးသတ်ကဗျာဖြင့် စာအုပ်ကိုအလှဆင်ပေးခဲ့သော ချစ်မိတ်ဆွေမော်လဝီအိုကာရှား (ကောင်ဆရီ)နှင့် ဤနေရာတွင် အမည်ဖော်ပြရန်ကျန်ရှိနေသည့် ကျေးဇူးရှင်အားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း ဤအမှာစာဖြင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

မုဟမ္မဒ်အာစွင်းမ်

(နဒ်ဝီ၊အပ္ဂလ်ဟာစနီ၊ မဇ္ဈာဟ့ရီ)

၂၀ရက်၊ ဆွဖရ်လ၊ ဟာခ်ဂျ်ရီ၁၄၄၁

၂၀၊ ၁၀၊ ၂၀၁၉ (တနင်္ဂနွေနေ့)

ထူးခြားအံ့ဖွယ် မှတ်ဥာဏ်လေးဆယ်

[၁] ကမ္ဘာလုံးဆိုင်ရာ နဖီ

တမန်တော်မြတ်ﷺ၏အလျင်ပွင့်ပေါ်ခဲ့သော နဖီတို့သည် ဒေသတစ်ခု၊ မျိုးနွယ်တစ်စုထံသို့သာ စေလွှတ်ခံရသည်။ တမန်တော်မြတ်ﷺသည် ကေယာမသ်တိုင်ပွင့်ပေါ်လာမည့် လူသားမျိုးနွယ်စုတစ်ခုလုံး၏ နဖီဖြစ်တော်မူသည်။

စူရတ်စဗအ်(၃၄)၊ အာယသ်(၂၈)တွင်အရှင်မြတ်အမိန့်ရှိသည်မှာ

(အို……နဖီတမန်တော်)"ငါအရှင်မြတ်သည် အသင့်အား ခပ်သိမ်းကုန်သောလူတို့အဖို့ ဝမ်းမြောက်ဖွယ်ရာသတင်း ပြောကြားသူအဖြစ်လည်းကောင်း၊သတိပေးနှိုးဆော်သူအဖြစ်လည်းကောင်း စေလွှတ်တော်မူခဲ့၏။"

နဖီတမန်တော်မြတ် ﷺအမိန့်ရှိတော်မူသည်။ "ငါကိုယ်တော်၏အလျင်ပွင့်ပေါ်ခဲ့သော နဖီတို့သည် ဒေသတစ်ခု၊ မျိုးနွယ်တစ်စုထံသို့သာစေလွှတ်ခံရသည်။ ငါကိုယ်တော်သည် ကေယာမသ်တိုင်ပွင့်ပေါ်လာမည့် လူသားမျိုးနွယ်စုတစ်ခုလုံးထံ နဖီအဖြစ် စေလွှတ်တော်မူခြင်းခံခဲ့ရသည်။"

ဗိုခါရီကျမ်း ၊ သယမ်မွမ်အခန်း၊ ဟဒီးဆ်(၃၃၅)

[၂] နဖီအားလုံးထက် မြင့်မြတ်တော်မူခြင်း

မြင့်မြတ်တော်မူသော အရှင်မြတ်သည် ဝိဉာဉ်လောကတွင် နဖီတမန်တော်အပေါင်းထံမှ တမန်တော်မြတ် ﷺ ကို အီမာန်ယူရန်၊

တမန်တော်မြတ်ﷺကို ကူညီရန် ပဋိညာဉ်ယူပြီး တမန်တော်မြတ်ﷺသည် နဗီတမန်တော်အားလုံးထက် အသာမြတ်ဆုံးဖြစ်ကြောင်းအတည်ပြုခဲ့သည်။

ထိုအချက်ကို စူရဟ်အားလေ့အင်မ်ရာန်(၃)၊ အာယသ် (၈၁) တွင် အောက်ပါအတိုင်း မိန့်ကြားထားသည်။

"ထိုမှတပါး (ပြန်လည်သတိရကြကုန်) တရံရောအခါဝယ် အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်များထံမှ ပဋိညာဉ်ဝန်ခံချက်ကို(ဤသို့)ယူတော်မူလေသည်။ "(အိုနဗီတမန်တော်အပေါင်းတို့) ဧကန် ငါအရှင်မြတ်သည် အသင်တို့အား ကျမ်းဂန်ကိုလည်းကောင်း၊ ဉာဏ်ပညာအမြော်အမြင်ကိုလည်းကောင်း ပေးသနားတော်မူပြီးနောက် အသင်တို့ လက်ဝယ်ရှိနှင့်ပြီးဖြစ်သော ကျမ်းဂန်များကို ထောက်ခံသော ရဿူလ်တမန်တော်တစ်ပါးပါးသည် အသင်တို့ထံ ရောက်လေသော် အသင်တို့သည် ထိုရဿူလ်တမန်တော်ကို(မိမိတို့စိတ်တွင်းမှ) မုချယုံကြည်ကြပေမည်။ ၎င်းပြင် ထိုရဿူလ်တမန်တော်ကို (ကာယကံမြောက်လည်း)အားပေးကူညီကြပေမည်"။ ထို့နောက် အလ္လာဟ်အရှင်မြတ်က "(အို-နဗီ တော်အပေါင်းတို့) အသင်တို့သည် ဝန်ခံကြပြီလော၊ ယင်းကိစ္စနှင့်စပ်လျဉ်း၍ အသင်တို့သည် ငါအရှင်မြတ်၏ ပဋိညာဉ်တော်ကိုလည်း လက်ခံကြပြီလော"ဟု မေးမြန်းတော်မူ၏။ (ထိုအခါနဗီတမန်တော် အပေါင်းတို့က) "ကျွန်တော်မျိုးတို့သည် ဝန်ခံကြပါပြီ၊"ဟု တင်လျှောက်ကြလေသည်။ (ထိုအခါ အလ္လာဟ်အရှင်မြတ်က) "သို့ဖြစ်လျှင် အသင်တို့သည် (ဤပဋိညာဉ်ဝန်ခံချက်နှင့်စပ်လျဉ်း၍) အသိသက်သေ

များဖြစ်ကြကုန်။ ငါအရှင်သည်လည်း အသင်တို့နှင့်အတူ အသိသက်သေများအနက် အပါအဝင်ဖြစ်တော်မူသည်”ဟု မိန့်တော်မူလေသည်။

မိအ်ရားဂ်ျခရီးစဉ်တွင်လည်း အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်ﷺအား နဗီအပေါင်း၏အေမာမ်(ရှေ့ဆောင်အဖြစ်)ခန့်အပ်ခဲ့သည်။ ဤသည် ကိုယ်တော့်အတွက် အလွန်ပင်ကြီးကျယ်သော ဂုဏ်တစ်ရပ်ဖြစ်သည်။

[၃] နောက်ဆုံး နဗီ [အန္တိမတမန်တော်] ဖြစ်ခြင်း

စူရဟ်အဟ်ဇားဗ်(၃၃)၊အာယသ်-(၄၀)တွင် အရှင်မြတ်မိန့်တော်မူသည်မှာ -

“မုဟမ္မဒ်”သည် အသင်တို့ အမျိုးသားများအနက် မည်သူတစ်ဦးတစ်ယောက်၏ ဖခင်မျှမဟုတ်ပေ။ စင်စစ်မှာမူကား(မုဟမ္မဒ်သည်) အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်၊ နဗီတမန်တော် အပေါင်းတို့(၏နုဗူဝတ်)ကို အဆုံးသတ်သူဖြစ်ပေသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူပေသည်။”

တမန်တော်မြတ်ﷺမိန့်တော်မူသည်-“ငါနှင့်ငါ့အလျင်ပွင့်ခဲ့ကြကုန်သောနဗီများ၏ပမာမှာ အလွန်သေသပ်လှပသော အိမ်တစ်လုံးကို တည်ဆောက်သူနှင့်အလားသဏ္ဌာန်တူသည်။ သို့သော် အိမ်၏ထောင့်တစ်နေရာတွင် အုပ်တစ်ချပ်စာ နေရာလွတ်ကျန်သွားခဲ့သည်။ လူတို့သည် ဤအိမ်လေးကို ဘက်လေးရံလှည့်ပတ်ကြည့်ရှုကြပြီး နှစ်ခြိုက်သဘောကျသော်လည်း အဆုံးတွင် အိမ်ဆောက်လုပ်သူကို “အဘယ်

ကြောင့် အုပ်တစ်ချပ်စာ ချန်လှပ်ထားပါသနည်း”ဟု လာရောက်မေးမြန်းကြသည်။ ထိုအခါ တမန်တော်မြတ်ﷺက“ထိုအုပ်ဆိုသည်မှာ ငါကိုယ်တော်သာလျှင်ဖြစ်သည်။ ငါကိုယ်တော်သည် နဗီချုပ်၊ နဗီအပေါင်း၏(နှုပူဝသ်)ကို တံဆိပ်ခပ်နှိပ်ပေးသည့် နောက်ဆုံး(အန္တိမ)တမန်တော်ဖြစ်တော်မူသည်” ဟု မိန့်ကြားတော်မူခဲ့သည်။

ဗိုခါရီကျမ်း ၊ မနာကိဗ်အခန်း ၊ ဟဒီးဆ် (၃၅၃၅)

(၄) နောက်လိုက် [အွမ္မသီ] အများဆုံး နဗီ

အနတ်စ် عنه الله رضي သခင်သည် ကိုယ်တော်ﷺ ၏ မိန့်ကြားချက်ကို ပြန်လည်ဆင့်ပြန်ခဲ့သည်။ “ကယာမသ်နေ့တွင် ငါကိုယ်တော်သည် နဗီတမန်တော်များတွင် နောက်လိုက်(အွမ္မသီ)အများဆုံးဖြစ်တော်မူမည်။

မွတ်စ်လင်မ်ကျမ်း ၊ အီမာန် အခန်း ၊ ဟဒီးဆ် (၁၉၆)

(၅) ရှုရှဟ်ဗာသေ့ဟာ နှင့် ရှုရှဟ်ဗကရဟ် လက်ဆောင်

အစ်ဗ်နေ့အဗ္ဗါးစ် عنهما الله رضي ဆင့်ပြန်တော်မူသည်။ “တစ်ရက်ဂျစ်ဗ်ရအီးလ် عليه السلام သည် ကိုယ်တော်မြတ်ﷺ အပါးတွင် အခစားဝင်နေခိုက် ကောင်းကင်ပေါ်မှ အရှိန်ဖြင့်တံခါးဖွင့်သံတစ်သံကို ကြားလိုက်ရသည်။ ထိုအခါ ကောင်းကင်တမန်တော်ကြီးကဦးခေါင်းကို မော့ကြည့်ရင်းဖြင့် ကိုယ်တော့်အား လျှောက်ထားသည်။ “ဤသည် မိုးကောင်းကင်ရှိ တံခါးများအနက် တံခါးတစ်ပေါက်ဖြစ်သည်။ ထိုတံခါးသည် ဤအရင်တစ်ခါမျှ မပွင့်ခဲ့ပါ။ ထိုတံခါးမှ မြေပြင်သို့တစ်ခါမျှ မဆင်းဖူးသည့်ဖရစ်ရှ်သာ ကောင်းကင်တစ်ပါး ဆင်းသက်

လာပြီး ကိုယ်တော့်အား စလာမ်ဆက်သကာ “နူးရ်အလင်းရောင်နှစ်ခု ရရှိလိုက်ခြင်းပေါ် ကောင်းချီးမင်္ဂလာခညောင်းပါစေသား။ ဤနူးရ်များမှာ ကိုယ်တော်သခင့်အလျင် မည်သည့်နဗီကိုမျှ ချီးမြှင့်ခြင်းမခံခဲ့ရပါ။ ထိုနူးရ်နှစ်ရပ်မှာ စူရတ်ဖာသေ့ဟာနှင့်စူရတ်ဗကရတ်၏ နောက်ဆုံး(၂) အာယသ်ဖြစ်သည်။ မည်သူမဆိုထိုအာယသ်(၂)အာယသ်ကို ဖတ်မည်ဆိုပါက ထိုသူတောင်းသမျှ ချီးမြှင့်ခံရမည်ဖြစ်သည်” ဟု လျှောက်ထားလိုက်ပါသည်။

မွတ်စ်လင်မ်ကျမ်း ၊ ကုရ်အာန်၏ ထွတ်မြတ်မှုအခန်း ၊ ဟဒီးဆ် (၁၈၇၇)

[၆] သုံးပမ်းပစ္စည်းများ သုံးစွဲပိုင်ခြင်း

[၇] မြေပထဝီတစ်ခုလုံး သန့်ပြန့်စင်ကြယ်စေပြီး နှမ်းစ်တ်ပြုနိုင်ခြင်း

[၈] တစ်လခရီးအကွာအဝေးမှပင် ရန်သူအပေါ်လွှမ်းသည့် အရှိန်အဝါ

ဂျာဗိရ်ဗင်န်အဗ္ဒဒွလ္လာဟ် رضي الله عنه သခင်သည် ကိုယ်တော်မြတ် ﷺ၏ မိန့်ကြားချက်အား ဆင့်ပြန်ခဲ့သည်။ “ငါကိုယ်တော်သည် မိမိအလျင်မည်သူမှ ချီးမြှင့်ခြင်းမခံခဲ့ရသည့်(၅)ခုသော အရာကို ချီးမြှင့်ခံရသည်။

၁။ နဗီတစ်ပါးသည် မိမိ၏ မျိုးနွယ်စုတစ်စုတည်းထဲသို့သာ စေလွှတ်ခံရလေ့ရှိပြီး ငါကိုယ်တော်မှာမူ စကြာဝဠာအလုံးစုံထံ စေလွှတ်ခြင်းခံရသည်။

၂။ ငါကိုယ်တော့်အလျင် မည်သည့်နဗီတမန်တော်အတွက်မျှ သုံးပမ်းပစ္စည်းများ သုံးစွဲခြင်းမပိုင်ခဲ့သော်လည်း ငါကိုယ်တော့်အတွက်မူ သုံ့ပမ်းပစ္စည်းများသုံးစွဲခြင်းပိုင်သည်။

၃။ ပထဝီမြေကြီးတစ်ခုလုံးသည် ငါကိုယ်တော်အတွက် သန့်ပြန်ပြီး၊ သန့်ပြန်မှုပေးနိုင်ခြင်းနှင့်အတူ ဗလီ(စင်္ဂဒဟ်ချထိုက်သည့်)နေရာအဖြစ်ပြုပေးခြင်းခံရသည်။ ထို့ကြောင့် ငါ၏အွမ္မသီတိုင်းသည် မည်သည့်နေရာ၌ပင်မဆို နမာဇ်အချိန်ကျရောက်လာပါက နမာဇ်ဖတ်နိုင်သည်။

၄။ တစ်လခရီးမျှဝေးလံသည့်အတိုင်းအတာမှပင် ရန်သူအပေါ် ဘုန်းရှိန်ဝါသက်ရောက်စေခြင်းဖြင့် ငါကိုယ်တော်ကူညီခြင်းခံရသည်။

၅။ ငါကိုယ်တော်သည် "ရှဖာသ်" (အွမ္မသ်အတွက် ကြားဝင်အသနားခံပေးနိုင်သည့် အခွင့်ထူးကို) ခီးမြှင့်ခံရသည်။

မွတ်စ်လင်မ်ကျမ်း ၊ ဗလီဝတ်ကျောင်းတော်များအခန်း ၊ ဟဒီးဆ် (၁၁၆၃)

[၉] ကေယာမသ်နေ့တွင် ရှဖာအသ်ပြုခြင်း

အဗူမူစာအရှ်အရီ عنه الله رضي သခင်သည် တမန်တော်မြတ်ﷺ ထံမှဆင့်ပြန်ခဲ့သည်။ "ငါကိုယ်တော်သည်"ရှဖာသ်" (အွမ္မသ်အတွက် ကြားဝင်အသနားခံပေးခြင်း)နှင့် ငါ့အွမ္မသီတစ်ဝက်ကိုဂျန္နသ်ဝင်ခွင့်ပေးနိုင်ခြင်းဟူသော အချက်နှစ်ချက်ကို ရွေးချယ်ပိုင်ခွင့်ရရှိရာ အွမ္မသီအားလုံးအတွက် အသနားခံပေးခြင်းကိုသာ ရွေးချယ်ခဲ့သည်။ အရှင်မြတ်နှင့်တစ်စုံတရာ တုဖက်နှိုင်းယှဉ်ခြင်းမရှိဘဲ ကွယ်လွန်သွားသူတိုင်းသည် ငါကိုယ်တော်၏ ကြားဝင်အသနားခံပေးမှုကို ရရှိမည်ဖြစ်သည်။

သိရ်မေဇီကျမ်း၊ ကေယာမသ်၏ အချင်းလက္ခဏာများအခန်း၊ဟဒီးဆ် (၂၄၄၁)

အေမာမ်မွတ်စ်လင်မ်သခင်ကြီးသည် မိမိ၏ မွတ်စ်လင်မ်ကျမ်း၊ အီမာန်ကဏ္ဍတွင် ကေယာမသ်နေ့၌ လူသားတို့ကြုံဆုံရမည့် ဒုက္ခများ

နှင့် ကိုယ်တော်သခင်ﷺ၏အရှင်မြတ်ထံအသနားခံပေးမှုဆိုင်ရာ အကြောင်းအရာများ ပါဝင်သည့် ဟဒီးဆ်တော်များကို အကျယ်တဝင့် အသေးစိတ်ဖော်ပြထားသည်။

[၁၀] မိအ်ရားဂ့် [ကောင်းကင်ဘုံနှန်းသို့ ကြွပြန်းတော်မူခြင်း]

မြင့်မြတ်တော်မူသော အရှင်မြတ်သည် ကိုယ်တော်မြတ် ﷺကို ညခရီးဖြင့်ကောင်းကင်ဘုံနှန်းသို့ခေါ်ဆောင်ပြီး မည်သည့်အဖန်ဆင်းခံမှ မရောက်ဖူးသည့်နေရာသို့ ခေါ်ယူတော်မူခဲ့သည်။ ထို့နောက် များစွာသော လက်ဆောင်များခီးမြှင့်ခဲ့သည်။ ထိုလက်ဆောင်များအနက် နမားဇ်သည် အကောင်းဆုံး လက်ဆောင်ဖြစ်ခဲ့သည်။ ဤသို့သော ထူးထူးခြားခြားဂုဏ်ပြုမှုမျိုးကို မည်သည့် နဗီတမန်တော်မှ မရရှိခဲ့ပါ။

ဤအကြောင်းကို ကျမ်းမြတ်ကုရ်အာန် စူရတ်အိစ်ရားအ်(၁၇)၊ အာယသ်(၁)တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

"အကြင်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူ၏။ ထိုအရှင်မြတ်သည် တစ်ညဉ့်၌ မိမိကျွန်(နဗီတမန်တော်မုဟမ္မဒ်)အား "မတ်စ်ဂျဒ့ဒေအတ်က်ဆွာ"(အလွန်ဝေးလံလှသော) ဗလီဝတ်ကျောင်းတော်သို့ ခေါ်ဆောင်၍သွားခဲ့တော်မူ၏။ ငါအရှင်မြတ်သည် ထိုဗလီဝတ်ကျောင်းတော်၏ ပတ်ဝန်းကျင်ကို ဗရကသ်ချမ်းသာမဂ်လာနှင့်ပြည့်စုံစေတော်မူခဲ့၏။ ဧကန်မလွဲ ထိုအရှင်မြတ်သည်ပင်လျှင် အကြွင်းမဲ့ကြားတော်မူသော အရှင်၊ အကြွင်းမဲ့ ခွဲခြားသိမြင်တော်မူသော အရှင်ဖြစ်တော်မူပေသတည်း။

[၁၁] နမားဂ်အတွင်း ရှေ့တွင်ရှိသူများနှင့် နောက်တွင်ရှိသူများကိုပါ မြင်ရခြင်း

တမန်တော်မြတ် ﷺ အမိန့်ရှိတော်မူသည်။ "အို-ဆွဟာဗာတို့ ငါ၏အမြင်အာရုံသည် မိမိရှေ့ပိုင်းကိုသာ မြင်နိုင်စွမ်းပေးသည်ဟု အသင်တို့ထင်လေသလော။ အရှင်မြတ်၏ကစမ်၊ အသင်တို့၏ ရိုကူ၊ စဂျဒဟ် စသည်တို့သည် ငါကိုယ်တော်ထဲ ဖုံးကွယ်နေခြင်းအလျင်းမရှိ။ ငါ၏နောက်တွင်ရှိနေသော အသင်တို့ကိုလည်း ငါမြင်နိုင်စွမ်းရှိသည်။

ဗိုခါရီကျမ်း၊ နမားဇ်ကဏ္ဍ ၊ ဟဒီးဆ် (၄၁၈)

[၁၂] အားလုံးထက်အလျင် မြေပထဝီမှ ရှင်ပြန်ထခွင့်ရခြင်း

ဟဇရသ်အစ်ဗ်နေ့အဗ္ဗါးစ် رضي الله عنهما သခင်သည် တမန်တော်မြတ် ﷺ ၏ မိန့်ကြားချက်ကို အောက်ပါအတိုင်း ဆင့်ပြန်တော်မူခဲ့သည်။ "ငါကိုယ်တော်သည် ကေယာမသ်နေ့တွင် ကဗရ်မှ ပထမဆုံး ရှင်ပြန်ထရမည့်သူဖြစ်သည်။" အခြားဆင့်ပြန်ချက်တစ်ရပ်တွင် "ငါကိုယ်တော်သည် ပထမဆုံး အသနားခံပေးခွင့်ရရှိမည်ဖြစ်ပြီး ထိုအသနားခံချက်ကိုလည်း အရှင်မြတ်က ပထမဆုံးလက်ခံပေးမည်ဖြစ်သည်" ဟု လာရှိထားသည်။

မွတ်စ်လင်မ်ကျမ်း ၊ ဟဒီးဆ်(၁၇၈၂)

[၁၃] ပထမဆုံး ပွဲလ်ဇွဲရာ်သ် [တံတားပေါ်] လျှောက်မည့်သူ

တမန်တော်မြတ် ﷺ အမိန့်ရှိသည်မှာ -"ဂျာဟန္နမ်ပေါ်တွင် တံတားတစ်ခုထိုးထားမည်။ ငါကိုယ်တော်သည် ထိုတံတားပေါ်မှ ပထမဆုံး ဖြတ်လျှောက်မည့်သူဖြစ်သည်။"

ဗိုခါရီကျမ်း၊ စိတ်ခါတ်ပြုပြင်ရေးကဏ္ဍ၊ ဟဒီးဆ်အမှတ် - (၆၅၇၃)

[၁၄] ပထမဆုံး ဂျန္နသ်ဝင်ရမည့်သူ

တမန်တော်မြတ်ﷺ အမိန့်ရှိတော်မူသည်။ "ငါတို့သည် နောက်ဆုံးမှလောကသို့လာရောက်သော်လည်း ကယာမသ်နေ့တွင် အားလုံးထက် အရာရာတွင် စောလျင်စွာရှိနေမည်" အခြားဆင့်ပြန်ချက်တစ်ရပ်တွင် "ငါကိုယ်တော်သည် ပထမဆုံး ဂျန္နသ်တံခါးကို ခေါက်သူဖြစ်မည်" ဟု မိန့်ကြားထားသည်။

မွတ်စ်လင်မ်ကျမ်း၊ အီမာန်ကဏ္ဍ ၊ ဟဒီးဆ် (၁၉၆)

[၁၅] စာရင်းစစ်ဆေးခြင်းမခံရဘဲ ဂျန္နသ်ဝင်ခွင့်ရသည့် အစုမှသ်

ကိုယ်တော် ﷺ၏ အစုမသီများအနက် (၇၀၀၀၀)မှာ စာရင်းအင်းစစ်ဆေးခြင်းမခံရဘဲ ဂျန္နသ်သို့ဝင်ရောက်ရမည်ဖြစ်သည်။ ထို(၇၀၀၀၀)အနက် တစ်ထောင်တိုင်းနှင့်အတူ အပို(၇၀၀၀၀)ပါ လိုက်ပါဝင်ရောက်ခွင့်ရရှိဦးမည်ဖြစ်သည်။ ဤကဲ့သို့သောထူးခြားချက်မျိုးကို ကိုယ်တော်သခင့်အပြင် အခြားမည်သည့်နဗီမှ ရရှိမည်မဟုတ်ပေ။

ဗိုခါရီကျမ်း ၊ ဟဒီးဆ် (၆၅၄၁)

[၁၆] အများဆုံး ဂျန္နသ်ဝင်ရမည့် အစုမှသ်

တမန်တော်မြတ်ﷺ အမိန့်ရှိတော်မူသည် -"ဂျန္နသီတို့၏ လိုင်းများမှာ(၁၂၀)ရှိမည်။ ထိုအနက် လိုင်း(၈၀)မှာ အစုမသေ့မုဟမ္မဒီယဟ်(ကိုယ်တော့်အစုမသ်သားများ)ဖြစ်ကြပြီး၊ ကျန်(၄၀)မှာ အခြားသော အစုမသ်သားများဖြစ်ကြမည်။"

သိရ်မေ့ဇီကျမ်း၊ ဂျန္နသ်၏ ဝိသေသအခန်း၊ ဟဒီးဆ် (၂၅၄၆)

[၁၇] မျက်လုံးမှားဘိပ်စက်သော်လည်း နှလုံးသားနီးကြား

မိခင်မွန်အာအေရှာ عنها الله رضي သခင်မကြီးအား ကိုယ်

တော်မြတ် ﷺ မိန့်တော်မူသည်- “ငါကိုယ်တော်၏ မျက်လုံးအစုံ အိပ်ပျော်နေသော်လည်း နှလုံးသားမှာ နိုးကြားလျက်ရှိသည်။”

ဗုခါရီကျမ်း၊ ထူးခြားချက်များကဏ္ဍ၊ ဟဒီးဆ် (၃၅၆၉)

[၁၈] အိပ်စက်သော်လည်း ဝိဇ္ဇုမပျက်

မြင့်မြတ်တော်မူသော အရှင်မြတ်သည် ကိုယ်တော်မြတ်ﷺ အား အိပ်စက်သွားသော်လည်း ဝိဇ္ဇုမပျက်သည့် ထူးခြားချက်ကို ချီးမြှင့်ထားတော်မူသည်။ အစ်ဗ်နေ့အဗ္ဗာဒ်စ် رضي الله عنهما သခင်ဆင့်ပြန်ထားသည်။ “နဗီတမန်တော်မြတ် ﷺသည် တစ်ခါက ဟောက်သံများထွက်ပေါ်လာသည်အထိ နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။အိပ်ယာမှထစဉ် ဝိဇ္ဇုပြုလုပ်ရန်မလိုအပ်ဘဲ နမာဇ်ဝတ်ပြုခဲ့သည်။

ဗုခါရီကျမ်း၊ နမာဇ်ကဏ္ဍ၊ ဟဒီးဆ် (၁၃၈)

[၁၉] ခြောက်ပြစ်ကင်း သဲလဲစင် ကိုယ်တော်သခင် ﷺ

အလ္လာဟ်အရှင်မြတ်သည် တမန်တော်၏ ရှေ့ဖြစ်နောက်ဖြစ်ဂိုနာများရှိခဲ့မည်ဆိုလျှင်လည်း ခွင့်လွှတ်ပေးထားပြီးဖြစ်သည်။ တမန်တော်မြတ်ﷺသည် ခြောက်ပြစ်ကင်းသဲလဲစင်ဘဝကို ပိုင်ဆိုင်ထားသည်။ စူရဟ်ဖသဟ်(၄၈)၊ အာယသ်(၂)တွင် အမိန့်တော်လာရှိသည်။

“(ယင်းသို့အောင်မြင်မှုချီးမြှင့်တော်မူခြင်းမှာ) အလ္လာဟ်အရှင်မြတ်သည် အသင်၏ရှေးကာလချို့တဲ့မှုများနှင့် အနာဂတ်ကာလချို့တဲ့မှုတို့ကို ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူရန်လည်းကောင်း၊ မိမိကျေးဇူးတော်များကို အသင့်အပေါ် စုံလင်စေတော်မူရန်လည်းကောင်း ဖြစ်ပေသည်။”

[၂၀] ထိုင်ပြီးဖတ်သောနဖိလ်နမားဇ်အတွက်လည်း ဆဝါးဗ်အပြည့်

နမားဇ်ဆိုင်ရာပညတ်ချက်တစ်ရပ်မှာ နဖိလ်နမားဇ်များကို အကြောင်းမဲ့ ထိုင်ဖတ်ခြင်းဖြင့် ဆဝါးဗ်တစ်ဝက်သာရရှိမည်။ သို့သော် တမန်တော်မြတ်ﷺ သည် ထိုင်ဖတ်လျှင်လည်း ဆဝါးဗ်အပြည့်ရသည်။

အစ်ဗ်နေ့အိုမရ် رضي الله عنهما သခင်သည် တမန်တော်မြတ်ﷺအား ဤသို့မေးမြန်းလျှောက်ထားခဲ့သည်။ "လူတစ်ဦးသည် နဖိလ် နမားဇ်ကို အကြောင်းမဲ့ ထိုင်ဖတ်လျှင်ဆဝါးဗ်တစ်ဝက်သာ ရသည်ဟု ကိုယ်တော့်ထံမှ သိရှိရပါသည်။ သို့သော်လည်း ကိုယ်တော်သည် တစ်ခါတရံ ထိုင်ဖတ်နေသည်ကို ကျွန်ုပ်တွေ့ရသည်။" ထိုအခါ တမန် တော်မြတ်ﷺက မိန့်တော်မူသည် "အားလုံးမှန်သည်။ သို့သော်ငါကိုယ် တော်သည် အသင်တို့ကဲ့သို့ မဟုတ်ပါ။"ဟု ဖြေကြားတော်မူခဲ့သည်။

မွတ်စ်လင်မ်ကျမ်း၊ ခရီးသည်၏နမားဇ်ကဏ္ဍ၊ ဟဒီးဆ် (၇၃၅)

[၂၁] လူပျိုု[၃၀]၏ လက်ရုံးရည်

မြင့်မြတ်တော်မူသော အရှင်မြတ်သည် တမန်တော်မြတ်ﷺအား အမျိုးသား(၃၀)၏လက်ရုံးရည်၊အင်အားချီးမြှင့်ထားတော်မူသည်။ အနတ်စ်ﷺသည် မိမိတပည့် ကသာဒါဟ်ﷺအား"ကိုယ်တော်ﷺသည် အမျိုးသား(၃၀)၏ အင်အားချီးမြှင့်ခြင်းခံရသည်" ဟု မိန့်ကြားခဲ့သည်။

ဗိုခါရီကျမ်း၊ ရေချိုးသန့်စင်ခြင်းကဏ္ဍ ၊ ဟဒီးဆ် (၃၆၈)

[၂၂] ကိုယ်တော့်ကိုအိပ်မက်တွင်မြင်လည်း အမှန်ပင်မြင်ခြင်း

တမန်တော်မြတ်ﷺကို အိပ်မက်တွင် မြင်မက်သူသည် အမှန် တကယ်ပင်ကိုယ်တော်သခင်ကို မြင်တွေ့ရခြင်းဖြစ်သည်။ ရှိုင်သွာန်

သည် ကိုယ်တော့်အယောင်မဆောင်နိုင်ပါ။" ဟု တမန်တော်မြတ်ﷺ ကိုယ်တိုင်မိန့်ကြားခဲ့သည်။

မှတ်ချက်။ ။ တမန်တော်မြတ်ﷺ ကိုအိပ်မက်တွင် မြင်မက်သူသည် ကိုယ်တော်ﷺ၏သွင်ပြင်လက္ခဏာ၊ ရုပ်ဆင်းအင်္ဂါတော်များကိုကြိုတင်လေ့လာ သိရှိထားမည်ဆိုလျှင်ပိုကောင်းသည်။

ဗိုခါရီကျမ်း၊ အိလ်မ်အခန်း၊ ဟဒီးဆ် (၁၁၀)

[၂၃] ခိုင်မာကျစ်လျစ်၊ တိုတောင်းထိရောက်သော စကားပိုင်ရှင်

အဗူဟိုရိုင်ရဟ် رضي الله عنه သခင်ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်ﷺမိန့်တော်မူသည်-"ငါကိုယ်တော်သည် ခိုင်မာကျစ်လျစ်၊ တိုတောင်းထိရောက်ပြီး၊ ပြည့်စုံကုံလုံသောအဓိပ္ပါယ်များဖြင့် ဆင်ယင်ထားသော စကားအနုပညာဖြင့် စေလွှတ်ခြင်းခံခဲ့ရသည်။ ငါ၏ဂုဏ်အရှိန်အဝါလွှမ်းမိုးခြင်းဖြင့် အကူအညီပေးခြင်းခံခဲ့ရသည်။"

ဗိုခါရီကျမ်း၊ သာသနာ့ကြိုးပမ်းမှုကဏ္ဍ၊ ဟဒီးဆ် (၂၉၇၇)

ဟဒီးဆ်တော်များကို နက်နဲစွာလေ့လာရှုမြင်ကြည့်လျှင် ဂုဏ်၊ရသ၊ အလင်္ကာမြောက်သော စကားအနုပညာကို ထိမိခံစားနိုင်ပါမည်။

[၂၄]တမန်တော်မြတ်ﷺ ရှိနေခြင်းကြောင့် မလာသော အာဏာပိ

မြင့်မြတ်တော်မူသော အရှင်မြတ်သည် တမန်တော်မြတ်ﷺ ကို အများနဗီအပေါင်းနှင့်မတူဘဲ တမူထူးခြားချီးမြှင့်ထားသည့်အချက်မှာ-ကိုယ်တော် (သက်ရှိထင်ရှားရှိနေသရွေ့) အရှင်မြတ်သည် အပြစ်ထိုက်သူများကို ချက်ချင်းလက်ငင်းပြစ်ဒဏ်ခတ်ခြင်းမပြု။ ထိုနည်းတူ ဤအွမ္မသ်၏ထူးခြားချက်တစ်ရပ်မှာ - ဤအွမ္မသ်အတွင်း အိစ်သေဂ်ဖားရ

အမှားဝန်ချတောင်းပန်နေသူများ ရှိနေသရွေ့အရှင်မြတ်သည် အပြစ်ထိုက်သူများကို ချက်ချင်းပြစ်ဒဏ်ခတ်မည်မဟုတ်။

စူရဟ်အန်ဖားလ်(၈)၊အာယသ်(၃၃)တွင် အမိန့်တော်လာရှိသည်။ “အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့တွင် အသင်(နဗီတမန်တော်)ရှိနေစဉ်၎င်းတို့အား ပြစ်ဒဏ်ပေးတော်မူမည်မဟုတ်ပေ။ထိုနည်းတူစွာ ၎င်းတို့သည် ပြစ်မှုဒုစရိုက်တို့မှ လွတ်ငြိမ်းချမ်းသာခွင့်ရရန် ဆုပန်လျက်ရှိနေခိုက်လည်း အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အားပြစ်ဒဏ်ပေးတော်မူမည်မဟုတ်ချေ။”

[၂၅] ကဗရ်တွင် ကိုယ်တော် ﷺ နှင့်ပတ်သက်ပြီး မေးမြန်းခြင်း

ကဗရ်ထဲတွင်မွန်ကိရ်၊ နကီးရ်ကောင်းကင်တမန်နှစ်ပါးက လူသားတိုင်းကို မေးခွန်း(၃)ခုမေးမြန်းမည်ဖြစ်ကြောင်း အားလုံးသိရှိကြသည်။

(၁) အသင့်ဖန်ဆင်းရှင်မည်သူနည်း။ (၂) အသင့်သာသနာဘာလဲ။

(၃) အသင့်နဗီမှာ မည်သူနည်း။

ဤသို့နဗီကြီးနှင့်ပတ်သက်ပြီး မေးမြန်းခံရခြင်းမှာ နဗီကြီး၏ ထူးခြားသော ဂုဏ်ဒြပ်ပင်မဟုတ်ပါလော။

ဤသို့မေးမြန်းမည့်အကြောင်း အကျယ်တဝင့်၊ အသေးစိတ်ကို သိရှိမေ့ဇီကျမ်း၊ဂျနာဇာကဏ္ဍ၊ဟဒီးဆ်(၁၀၇၁)တွင် လေ့လာနိုင်ပါသည်။

[၂၆] လောကီဘဏ္ဍာတိုက်၏ သော့ချက်များ

အဗူဟုရိုင်ရဟ် رضي الله عنه သခင်သည် တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်ကို ဤသို့ဆင့်ပြန်ခဲ့သည်။ “တနေ့ ငါကိုယ်တော်အိပ်စက်နေခိုက် အိပ်မက်တွင်မြေပထဝီရှိဘဏ္ဍာတိုက်အားလုံး၏သော့

ချက်များသည် ငါကိုယ်တော်ထံသို့ တင်ဆက်ချီးမြှင့်ခြင်းခံခဲ့ရသည်။

ဗိုခါရီကျမ်း၊ သာသနာ့ကြိုးပမ်းမှုကဏ္ဍ၊ ဟဒီးဆ် (၂၉၇၇)

[၂၇] အမြင့်မြတ်ဆုံးအဆင့်အတန်း

မကားမေ့မဟ်မူးဒ်၊ ဝစီလဟ်၊ရဖီးအဟ် စသည့်အဆင့်အတန်းသည် ဂျန္နသ်၏အမြင့်ဆုံးအဆင့်အတန်းဖြစ်သည်။ အရှင်မြတ်သည် ထိုအဆင့်အတန်းအား တမန်တော်မြတ်ﷺကိုသာ ကေယာမသ်နေ့တွင် ချီးမြှင့်မည်ဖြစ်သည်။ စူရဟ်ဗနီအစ္စရအီးလ်(၁၇)၊ အာယသ်(၇၉)တွင် အမိန့်တော်လာရှိသည်မှာ - "အမှန်စင်စစ်အသင့်အား ဖန်ဆင်းတော်မူသောအရှင်မြတ်သည် 'မကာမု မဟ်မူဒ်'သို့အသင့်အား ပို့တော်မူအံ့။"

"မကာမေ့မဟ်မူးဒ်" ဆိုသည်မှာ ပညာရှင်အများစု၏ ယူဆချက်အရ (တမန်တော်မြတ်) ရှဖာအသ်အသနားခံပေးတော်မူမည့် ဌာနပင်ဖြစ်သည်။

ဂျာဗစ်ရ် رضي الله عنه သခင်ထံမှ ဆင့်ပြန်ချက်လာရှိသည်။ တမန်တော်မြတ်ﷺအမိန့်ရှိတော်မူသည်မှာ "မည်သူမဆို အဇာန်ဆိုသံကြားရပြီးနောက် အောက်ပါဒိုအာ

((اللّٰهم رَبَّ هذهِ الدَّعوَةِ التامة و الصلاةِ القائمة آتِ محمدًا الوسيلةَ و الفضيلةَ و ابْعَثْهُ مَقَامًا مَحْمُوْدًا الذي وَعَدْتَّهُ))

(အို-ဤပြည့်ဝသောဖိတ်ခေါ်သံနှင့်အမြဲတည်တံ့နေမည့် နမားဇ်ကို ဖန်ဆင်းတော်မူသောအရှင်မြတ်၊ မုဟမ္မဒ်သခင်အား အရှင်မြတ်နှင့်နီးကပ်မှု၊ မြင့်မြတ်မှုတို့ကို ချီးမြှင့်တော်မူပါ။ ၎င်းပြင်ထိုမုဟမ္မဒ်သခင်ကို အရှင်မြတ်ကတိပြုထားတော်မူသော مقام محمود(ချီးကျူးခြင်း အတိ

ပြီးသည့်အဆင့်အတန်းကို) လည်းရောက်ရှိစေတော်မူပါ။)ကိုရွတ်ဆိုပါမူ ကယာမသ်နေ့တွင် ထိုသူ့အတွက်ငါကိုယ်တော်၏ အသနားခံပေးမှု ထိုက်သက်သွားပေမည်။" ဟုလည်း လာရှိထားသည်။

ဗိုခါရီကျမ်း၊ အဇာန်ကဏ္ဍ၊ ဟဒီးဆ် (၆၁၄)

[၂၈] အရှင်ပလ္လင်တော်၏ ယာဘက်တွင် စံမြန်းခွင့်

အဗူဟိုရိုင်ရဟ် رضي الله عنه သခင်ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်ﷺမိန့်တော်မူသည်မှာ။ "ကယာမသ်နေ့တွင် ငါကိုယ်တော်သည် ပထမဆုံးရှင်ပြန်ထရမည်။ ထို့နောက်ဂျန္နသ်သုခဘုံ၏ အဝတ်အစားများကို ပထမဆုံးဝတ်ဆင်ပေးခြင်းခံရမည်။ တဖန် အရှင်ပလ္လင်တော်၏ ယာဘက်တွင် စံမြန်းစေခြင်းခံရမည်။ ငါကိုယ်တော့်အပြင် မည်သည့်အဖန်ဆင်းခံမျှ ထိုနေရာတွင် စံမြန်းခွင့်ရရှိမည်မဟုတ်။"

သိရိမေဇီကျမ်း၊ ဂုဒ်ဒြပ်များ ကဏ္ဍ၊ ဟဒီးဆ် (၃၆၁၁)

[၂၉] ထူးမြတ်သည့် နုဗိုအွမ္မသ်

ကယာမသ်နေ့တွင် တမန်တော်မြတ်ﷺ၏အွမ္မသီများသည် အခြားအွမ္မသ်များထက် ထူးထူးခြားခြား ရပ်တည်နေရလိမ့်မည်။

တမန်တော်မြတ်ﷺ အမိန့်ရှိတော်မူသည်- "ငါကိုယ်တော်သည် ကောင်ဆရ်ရေကန်သို့ အားလုံးထက် စောလျင်စွာရောက်ရှိနေမည်။ ..... ငါ၏အွမ္မသီများသည် ဝိဇူရေသန့်စင်သောကြောင့် ၎င်းတို့၏ခြေ၊ လက်များသည် လင်းဝင်းတောက်ပစွာဖြင့် လာကြမည်။ ငါသည် ၎င်းတို့အတွက် ဦးစွာ ကောင်ဆရ်ရေကန်သို့ ရောက်ရှိနေမည်။"

ဤအကြောင်းကို မွတ်စ်လင်မ်ကျမ်း၊ သန့်ရှင်းစင်ကြယ်မှုကဏ္ဍ၊

ဟဒီးဆ် (၂၄၇၊ ၂၄၉) တွင် အကျယ်တဝင့်လေ့လာနိုင်သည်။

[၃၀] ကေယာမသ်နေ့တွင်လည်း ကျန်ရှိနေမည့် ကိုယ်တော်နှင့်ဆွေမျိုးတော်စပ်မှု

ဂျာဗစ်ရ် ﵁သခင်ဆင့်ပြန်ခဲ့သည်။ အိုမရ် ﵁သခင်သည် အလီ﵁၏သမီးအွမ္မေ့ကုလ်ဆူးမ်နှင့်နေကာထိမ်းမြားခဲ့သည်။ ထိုအချိန် အိုမရ်﵁သခင်ကြီးက လူတို့အား "အသင်တို့ ဤထိမ်းမြားခြင်းအပေါ် အဘယ်ကြောင့် ငါ့အား မဂ်လာစကားမပြောလေသလော။ ငါသည် အောက်ပါအတိုင်း တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်ကို ကြားခဲ့ ရသည် -"ကေယာမသ်နေ့တွင် ငါနှင့်ဆွေမျိုးတော်စပ်ခြင်းမှလွဲ၍ အခြားဆွေမျိုးတော်စပ်မှုအားလုံး အဆုံးသတ်သွားပေမည်။"

မွတ်စ်သဒ်ရတ်က် ဟာကင်မ်ကျမ်း၊ အတွဲ-၃၊ စာ - ၁၄၂

[၃၁] ဂျုန္နသ်၏ အစိတ်အပိုင်း ချိုးမြှင့်ခံရခြင်း

မြင့်မြတ်တော်မူသော အရှင်မြတ်သည် တမန်တော်မြတ်ﷺ အားလောကီ၌ပင် ဂျန္နသ်၏ အစိတ်အပိုင်းတစ်ခုကိုလည်း ချိုးမြှင့်ခဲ့သည်။ ကိုယ်တော်ﷺ ၏ အိမ်တော်နှင့်မင်နာဒ်၏ကြားနေရာသည် ဂျန္နသ်၏ အစိတ်အပိုင်းဖြစ်ပြီး၊ ထိုနေရာတွင်နမာဇ်ဝတ်ပြုရန် ကိုယ်တော်က အွမ္မသ်ကို တိုက်တွန်းမှာကြားထားသည်။

ဟဇရသ်အဗူဟိုရိုင်ရဟ် رضي الله عنه သည် ကိုယ်တော်ﷺ၏ မိန့်ကြားချက်ကို အောက်ပါအတိုင်း ဆင့်ပြန်ခဲ့သည်။ "ငါကိုယ်တော်၏ အိမ်နှင့်မင်နာဒ်ကြားနေရာသည် ဂျန္နသ်၏ ဥယျာဉ်များအနက်ဥယျာဉ်တစ်ခုဖြစ်သည်။"

ဗိုခါရီကျမ်း၊ မဒီနာ၏ ထွတ်မြတ်ခြင်းကဏ္ဍ၊ ဟဒီးဆ် (၁၈၈၈)

[၃၂] ကောင်ဆရ်ရေကန် ချီးမြှင့်ခံရခြင်း

ကေယာမသ်နေ့၊ ဟရှရ်ကွင်းပြင်တွင် အရှင်မြတ်က နဗီတိုင်းကို ရေကန်တစ်ကန်စီ ချီးမြှင့်မည်ဖြစ်သည်။ ကျွန်ုပ်တို့တမန်တော်မြတ်ﷺ ကိုမူ အများနှင့်မတူ တမူထူးသောကောင်ဆရ်ရေကန်ကို ဂျန္နသ်တွင် သီးသန့် ချီးမြှင့်ဦးမည်ဖြစ်သည်။ ဤအကြောင်းကို ကျမ်းမြတ်ကုရ်အာန်တွင်လည်း စူရဟ်ကောင်ဆရ်အမည်ရှိ စူရဟ်တစ်ပုဒ်ချပေးခြင်းဖြင့် ကြိုတင်သတင်းကောင်းပေးထားသည်။

" (အို-နဗီတမန်တော်) ဧကန်စင်စစ် ငါအရှင်မြတ်သည် အသင့်အား ကောင်းခြင်းများစွာရှိသော ကောင်ဆရ်ရေကန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။" (စူရဟ်ကောင်ဆရ်(၁၀၈)၊ အာယသ်-၁)

တမန်တော်မြတ်ﷺက ဆွဟာဗာအပေါင်းကို အောက်ပါအတိုင်း မိန့်ကြားခဲ့သည်။ "ကောင်ဆရ်ဆိုသည်မှာ ဂျန္နသ်ရှိရေကန်တစ်ကန်ဖြစ်သည်။ ထိုရေကန်တွင် ကောင်းခြင်းများစွာရှိနေသည်။ ငါကိုယ်တော်၏ အုမ္မသ်အားလုံးတို့သည် ထိုရေကန်မှ ရေသောက်သုံးရန်သွားကြမည်။ ထိုရေကန်ရှိ ခွက်များမှာ ကောင်းကင်၏ ကြယ်တာယာများကဲ့သို့ များပြားနေလိမ့်မည်။"

မွတ်စ်လင်မ်ကျမ်း၊ သန့်ရှင်းစင်ကြယ်မှုကဏ္ဍ၊ ဟဒီးဆ် (၂၄၇)

[၃၃] အစ္စလာမ်လက်ခံလိုက်သော ကိုယ်တော့်အပါးတော်စောင့်ဂျင်နီ

အစ်ဗ်နေ့မတ်စ်အူးဒ် ﷺ သခင်ထံမှ ဆင့်ပြန်ချက်လာရှိသည်။ တမန်တော်မြတ်ﷺ အမိန့်ရှိတော်မူသည်။ "အရှင်မြတ်သည် လူသားတိုင်းအတွက် ဖရစ်ရှ်သာတစ်ပါးနှင့်ဂျင်နီတစ်ဦး ခန့်အပ်ထားသည်။

ထိုအခါဆွဟာဗာများက ကိုယ်တော့်အတွက်လည်း ဤသို့ပင်ခန့်အပ်ထားပါသလော”ဟုမေးမြန်းရာ တမန်တော်မြတ်ﷺက ငါ့အတွက်လည်း ဤအတိုင်းပင်ခန့်အပ်ထားသည်။ သို့သော် အလွှာဟ်အရှင်မြတ်က ငါ့အပါးတော်စောင့်ဂျင်နီအား အစွယ်လာမ်လက်ခံစေခြင်းဖြင့် ငါ့ကိုကူညီတော်မူခဲ့သည်။ ထိုဂျင်နီသည်ငါ့ကိုယ်တော်အား ကောင်းမြတ်သောအမူကိစ္စဆောင်ရွက်ရန်သာ လျှောက်ထားနိုင်သည်။”

မွတ်စ်လင်မ်ကျမ်း၊ မုနာဖိက်တို့၏ဝိသေသကဏ္ဍ၊ ဟဒီးဆ် (၂၈၁၄)

[၃၄] အကောင်းဆုံးနှုဗီ၏ အကောင်းဆုံးအွမ္မသ်

တမန်တော်မြတ်ﷺမိန့်တော်မူသည်။ “ငါကိုယ်တော်သည်အခြားသောနဗီများ ခြိုးမြှင့်မခံရသည့်(၆)ခုသောအရာကို ထူးမြတ်စွာ ခြိုးမြှင့်ခြင်းခံခဲ့ရသည်။ ထိုအနက် ပထမဆုံးသောအရာမှာ ငါ့အွမ္မသ်ကို “خير الأمة”(အကောင်းဆုံးအွမ္မသ်ဘွဲ့)ခြိုးမြှင့်ခြင်းဖြစ်သည်။

မဂျ်မအွဇ် ဇဝါအေ့ဒ်ကျမ်း၊ တွဲ(၈)၊ စာ (၂၆၉)

စူရာဟ်အားလေ့အင်မ်ရားန်(၃)၊ အာယသ်(၁၁၀)တွင်လည်း “အသင်တို့သည် အကောင်းဆုံးအွမ္မသ်ဖြစ်သည်”ဟု အရှင့်ဘက်မှကြေညာချက်လာရှိထားသည်။

[၃၅] ကျမ်းမြတ်ကုရ်အာန်ကို အရှင်မြတ်ကိုယ်တိုင်ထိန်းသိမ်းပေးခြင်း

မြင့်မြတ်တော်မူသော အရှင်မြတ်သည် ကောင်းကင်ကျကျမ်းအားလုံးကိုထိန်းသိမ်းခြင်းတာဝန်အား ထိုခေတ်ရှိ သက်ဆိုင်ရာနဗီတမန်တော်များကိုပေးအပ်ခဲ့သည်။ ထို့ကြောင့်ပင် နဗီကွယ်လွန်သွားပြီးနောက် ကျမ်းအများစုသည် ပြင်ဆင်ပြောင်းလဲခြင်း၏ ပစ်မှတ်များဖြစ်

သွားခဲ့ရသည်။

မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့တမန်တော်မြတ် ﷺ ကို ကုရ်အာန်ကျမ်းမြတ်ဟူသော မုအ်ဇျေ့ဇာတစ်ပါး ချီးမြှင့်ထားသည်။ ထိုကျမ်းမြတ်ကုရ်အာန်အား အရှင်မြတ်ကိုယ်တော်တိုင် ထိန်းသိမ်းပေးမည်ဟု ကတိပေးထားသည်ဖြစ်ရာ မည်သည့်အခါမှ ပြင်ဆင်ပြောင်းလဲခြင်း၏ ပစ်မှတ်မဖြစ်နိုင်တော့ပါ။

စူရစ်ဟစ်ဂျ်ရ်(၁၅)၊ အာယသ်(၉)တွင် အရှင်မြတ်မိန့်တော်မူထားသည်မှာ - "မုချ ငါအရှင်မြတ်သာလျှင် ကျမ်းမြတ်ကုရ်အာန်ကို ချပေးထားသည်ဖြစ်ရာ ငါအရှင်မြတ်ကိုယ်တော်တိုင် ထိုကျမ်းမြတ်ကို ထိန်းသိမ်းပေးနေမည်ဖြစ်သည်။"

[၃၆] ထူးခြားလှသော နေ့မြတ်ဂျုမုအာဟ်

ဟုဇိုင်ဖဟ် ؓ သခင်သည် တမန်တော်မြတ် ﷺ ၏ မိန့်ကြားချက်ကို ဆင့်ပြန်ထားသည်။ "မြင့်မြတ်တော်မူသော အရှင်မြတ်သည် ဂျုမုအဟ်နေ့အား ယဟူဒီတို့ကိုချီးမြှင့်ခဲ့ရာ ၎င်းတို့က စနေနေ့ကို (မိမိတို့၏နေ့ထူးနေ့မြတ်) အဖြစ်ရွေးချယ်ခဲ့သည်။ တဖန်ဤနေ့အား ခရစ်ယာန်သာသနာဝင်များကို ချီးမြှင့်ခဲ့ရာ ၎င်းတို့က တနင်္ဂနွေနေ့ကို (မိမိတို့၏နေ့မြတ်)အဖြစ် နှစ်သက်ခဲ့ကြသည်။

အဆုံးတွင် ဤဂျုမုအဟ်နေ့မြတ်အား ငါတို့ကိုချီးမြှင့်ပြီး လက်ခံနိုင်မည့်အခွင့်ထူးကိုလည်းချီးမြှင့်ခဲ့သည်။ အစဉ်လိုက်တွက်ကြည့်သော် သောကြာနေ့မြတ်သည် အရင်ဆုံးလာသည်။ ထို့နောက် စနေ၊ ထို့နောက် တနင်္ဂနွေစသဖြင့်။ ဤအတိုင်းပင် ဖော်ပြပါအုပ်စုနှစ်စုသည်

ကေယာမသ်နေ့တွင်လည်း ငါတို့၏ နောက်တွင်ရှိလိမ့်မည်။ ငါတို့သည် လောကသို့နောက်ဆုံးမှလာခဲ့ရသော်လည်း ကေယာမသ်နေ့တွင်မူ အားလုံးထက် အရင်ဆုံးရှိနေမည်ဖြစ်သည်။"

မွတ်စ်လင်မ်ကျမ်း၊ ခရီးသည်၏ နမားဇ်ကဏ္ဍ၊ ဟဒီးဆ်(၈၅၆)

[၃၇] နေ့စဉ်ရက်ဆက် ရိုဇာထားနိုင်သည့် အင်အား

တမန်တော်မြတ် ﷺသည် အွမ္မသ်အား နေ့စဉ်ရက်ဆက် ရိုဇာထားခြင်းမှ တားမြစ်တော်မူခဲ့သည်။ ထိုအခါဆွဟာဗာတို့က"ကိုယ်တော်ကိုယ်တိုင်မှာမူ (အဘယ်ကြောင့်)နေ့စဉ်ရက်ဆက် ရိုဇာထားပါသနည်း" ဟုမေးကြသည်။ ကိုယ်တော်က "ငါသည်အသင်တို့ကဲ့သို့မဟုတ်၊ ငါ့အရှင်က ငါ့အား(အကွယ်မှ ထူးထူးခြားခြားအာဟာရချီးမြှင့်ထားခြင်း) ကျွေးမွေးနေခြင်းကြောင့် (နေ့စဉ်ရက်ဆက်ရိုဇာထားနိုင်ခြင်းဖြစ်သည်။)"ဟုဖြေကြားခဲ့သည်။

ဗိုခါရီကျမ်း၊ ရက်ဆက်ရိုဇာထားခြင်းကဏ္ဍ၊ ဟဒီးဆ် (၁၉၆၁)

[၃၈] ကိုယ်တော့်ထံမှ မင်္ဂလာယူခြင်း

တမန်တော်မြတ်ﷺနှင့် ပတ်သက်ဆက်နွယ်နေသော အရာတိုင်းမှ မင်္ဂလာယူနိုင်သည်။ ပမာဆိုရသော် ဆွဟာဗာအပေါင်းသည် တမန်တော်မြတ်ﷺ၏ ဝိဇူရေကိုပင် မြေခွင့်မပေးဘဲ လက်ဖြင့်ခံယူကာ မိမိတို့ခန္ဓာကို ပွတ်သပ်လေ့ရှိကြသည်။

လူတိုင်းချွေးထွက်ကြသည်။ ကျွန်ုပ်တို့တမန်တော်မြတ်ﷺလည်း ချွေးထွက်သည်။ သို့သော်ကွာခြားချက်မှာ တမန်တော်မြတ်ﷺ၏ချွေးမှာ မွှေးရနံ့များကြိုင် သင်းနေသည်။ ထို့ကြောင့် ဆွဟာဗာအချို့သည် ထိုချွေးကို ထိန်းသိမ်းထားကြပြီးမင်္ဂလာရယူကြသည်။ ဟုအနတ်စ် ﷺ

က ဆင့်ပြန်ထားသည်။ အွမ္မေ့စိုလိုင်းမ် رضي الله عنها သခင်မ ကြီးသည် ကိုယ်တော်သခင်ﷺ၏ ချွေးများကို မိမိအိမ်ရှိ ကံတိုးပူးတွင် သိမ်းဆည်းထားရာ ထိုကံတိုးသည် အခြားကံတိုးများထက် ပိုမိုကြိုင် သင်းနေသည်" ကြောင်း ပြောပြသည်။

မွတ်စ်လင်မ်ကျမ်း၊ ထွတ်မြတ်မှုကဏ္ဍ၊ ဟဒီးဆ် (၂၃၃၁)

[၃၉] လက်ဆောင်ကိုသာ လက်ခံခြင်း

အဗူဟိုရိုင်ရဟ် رضي الله عنه ပြောပြသည်မှာ-"တမန်တော်မြတ်ﷺ ထံသို့ စားသောက်ဖွယ်ရာ တစ်စုံတရာဆက်သလာသော် 'လက်ဆောင်လား၊ ဆွဒကဟ်လား'ဟုမေးမြန်းတော်မူသည်။ လက်ဆောင်ဟုဆိုမှသာ သုံး ဆောင်တော်မူပြီး၊ ဆွဒကဟ်ဟုဆိုလျှင် သုံးဆောင်တော်မူခြင်းမရှိ"။

မွတ်စ်လင်မ်ကျမ်း၊ ဇကားသ်ကဏ္ဍ၊ ဟဒီးဆ် (၁၀၇၇)

[၄၀] ဇကားသ်မစားပိုင်ခြင်း

ကိုယ်တော်မြတ်ﷺ မိန့်တော်မူသည်မှာ - "ဤဇကားသ်ပစ္စည်း များသည် မုဟမ္မဒ်ﷺနှင့် မုဟမ္မဒ်ﷺ၏ အိမ်သူအိမ်သားများအတွက် သုံးစွဲခြင်းမပိုင်ပါ။"

မွတ်စ်လင်မ်ကျမ်း၊ ဇကားသ်ကဏ္ဍ၊ ဟဒီးဆ် (၁၀၇၂)

နိဂုံးချုပ်

ယခုဖော်ပြခဲ့သော ထူးခြားမှုး၊ မုအ်ဂျေ့ဇာမှုးအပြင် ထောင်သောင်းမကသော ထူးခြားချက်မှုးကို ကျွန်ုပ်တို့တမန်တော်မြတ်ﷺက ပိုင်ဆိုင်ထားသည်။ ဤသို့ထူးခြားသော တမန်တော်မြတ်ﷺ၏ အွမ္မသီဖြစ်ခြင်းအပေါ် ကျွန်ုပ်တို့အားလုံး ဂုဏ်ယူမဆုံးဖြစ်ရပါမည်။ ဤထူးခြားချက်မှုး၊ မုအ်ဂျေ့ဇာမှုးကို ဖတ်ရင်းဖြင့် မိမိတို့နဗီနှင့် စပ်လျဉ်းသည့် နှလုံးသားတွင်းမှအချစ်မှတ်တိုင် ပိုမိုခိုင်မာလာစေရန် ကြိုးပမ်းနေရမည်။

တမန်တော်မြတ်ﷺအပေါ် အမြဲဒရူးဒ်မေတ္တာမှုးပို့သနေရမည်။ ဒရူးဒ်မေတ္တာပို့သနေခြင်းဖြင့် လောကီဘဝ၌လည်းအိပ်မက်တွင် တမန်တော်မြတ်ﷺအား ဖူးမျှော်ခွင့်၊ တမန်တော့်အပါးခစားခွင့်မှုး ရရှိနိုင်မည်ဖြစ်ပြီး၊ တမလွန်တွင်လည်း တမန်တော်မြတ်၏အချစ်ဆုံး၊ တမန်တော့်အနီးဆုံးတွင် ခစားခွင့်ရရှိမည်ဖြစ်သည်။

تنہائی کے سب دن ہیں　　تنہائی کی سب راتیں
اب ہونے لگیں ان سے　　خلوت میں ملاقاتیں
کوثر کے تقاضے ہیں　　تسنیم کے وعدیں
ہر روز یہی چرچے　　ہر روز یہی باتیں
بے مایہ سہی لیکن　　شاید وہ بلا بھیجیں
بھیجی ہیں درودوں کی　　کچھ ہم نے بھی سوغاتیں

شاعر :محمد علی جوہر

မဒီနာသို့ တစ်ကိုယ်ရည်အလွမ်း

နေ့ညတစ်ကိုယ်ခန်းမှာ
အလွမ်းငယ်ဗျာပွေ။
ဆွေးအင်မှာလေ
နဗီဆွေ ဆုံမယ့်အခန်းကို
မှန်းဆလို့လွမ်း။
ချောင်းငယ်ဖော် သတ်စ်နင်းရယ်နဲ့
ကောင်ဆရ်တော် အပ်နှင်းခွင့်ကို
ရွယ်လင့်လို့တမ်း။
အဆွေးတဖော်
အတွေးပင်လယ်ဝှမ်းမှာ
တမ်းတသံလွှမ်း။
ညနေ့စဉ် ဤအဖြစ်ရယ်ကြောင့်
ဆွေးနစ်လို့ ဗျာဆူ
စိတ်ဝမ်းရယ် ကလူ။
ဒီလူရင်မှာ အဖြာဖြာချို့လို့
ဒရူဒ်မင်္ဂလာ အခါခါပို့ကာဖြင့်
ခို့ရို့ကာ ရည်မျှော်။
ချစ်ကိုယ်တော် ခေါ်မယ့်လမ်းကို
မျှော်မှန်းလို့လေး။

မုဟာမ္မဒ် အိုကာရှား အလ်ကောင်ဆရီ

(အဖျောက်)